# ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၌ ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အသုံးပြုရန် အထိမ်းအမှတ်တံဆိပ် (Logo) ရေးဆွဲပြိုင်ပွဲ ကျင်းပမည်

နေပြည်တော်၊ ဇွန် (၆)။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၌ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကိုယ်စားပြု သတ်မှတ်အသုံးပြုမည့် အထိမ်းအမှတ်တံဆိပ်(Logo) ရေးဆွဲပြိုင်ပွဲကို ၁၃-၆-၂၀၂၄ ရက်နေ့မှ ၁၂-၇-၂၀၂၄ ရက်နေ့အတွင်း ကျင်းပမည်ဖြစ်သည်။

**အထိမ်းအမှတ်တံဆိပ်(Logo)တွင် ပါဝင်ရမည့်အချက်များအနေဖြင့်** ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် ကျင်းပမည်ဆိုသည့် အဓိပ္ပာယ်၊ ကျင်းပသည့်အကြိမ်အရေအတွက်နှင့် ပါဝင်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများအား ကိုယ်စားပြုသော အဓိပ္ပာယ်၊ အပြည်ပြည်ဆိုင်ရာ အိုလံပစ် အထိမ်းအမှတ် ပြာ ၊ ဝါ၊ နက် ၊ စိမ်း၊ နီ အရောင်ပါကွင်း(၅)ကွင်း၊ အားကစားသမားအချင်းချင်း၊ ဝန်ကြီးဌာနများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအကြား ချစ်ကြည်ရင်းနှီးမှု သဘောဆောင်သည့်ရေးဆွဲချက်၊ မိမိနိုင်ငံရှိ ထင်ရှားသော အထိမ်းအမှတ် အဆောက်အဦများကို ဖော်ညွှန်းသည့် အဓိပ္ပာယ်ပါသော ရေးဆွဲချက်၊ မိမိရေးဆွဲယှဉ်ပြိုင်သည့် ပန်းချီ သို့မဟုတ် Graphic Design တွင် ရေးဆွဲထားသော အကြောင်းအရာနှင့် အသုံးပြုထားသော အရောင်တို့၏ အဓိပ္ပာယ် ရှင်းလင်းဖွင့်ဆိုချက်များ ပါရှိရမည်ဖြစ်ပြီး ၎င်းပြိုင်ပွဲသို့ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း၊ ယခင်က ကျင်းပခဲ့သည့် အမျိုးသားအားကစားပွဲတော်တွင် အသုံးပြုခဲ့သည့် (Logo) အစား ယခုပြိုင်ပွဲတွင် ရွေးချယ်ခြင်းခံရသည့် (Logo)အား ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲတွင် ရွေးချယ်ခြင်းခံရပါက ဆုကြေးငွေအဖြစ် ကျပ် ၂၅ သိန်းကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ရွေးချယ်ခြင်းခံရသူအား နေ့စဉ်ထုတ် သတင်းစာများတွင် ကြော်ငြာ၍ ဆုချီးမြှင့်ပွဲ ကျင်းပပေးသွားမည်ဖြစ်ပြီး ရွေးချယ်ခံရသော (Logo) ကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ မူပိုင်အဖြစ် သတ်မှတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။